






# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်
# CNA သတင်းဌာန တွေ့ဆုံခြင်း



**The Interview with**
**Commander in Chief of Defence Services**
**Senior General Min Aung Hlaing**
**and**
**CNA news agency**











မြဝတီ

# ထုတ်ဝေသူ၏အမှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်တွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သော အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ကြုံတွေ့ရင်ဆိုင်ရသော အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှား ကာလျှောက်လှမ်းလာခဲ့သည်မှာ ယခုဆိုလျှင် (၄) နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဟူသည့် မဏ္ဍိုင်ကြီး(၃) ရပ်ကို ခိုင်မာညီညွတ်မျှတအောင် တည်ဆောက်သည့် နည်းတူ စတုတ္ထမဏ္ဍိုင်ဖြစ်သောသတင်းမီဒီယာတို့၏ အခန်းကဏ္ဍကိုလည်း များစွာဖြေလျှော့၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းရာ၌ စတုတ္ထမဏ္ဍိုင်၏ အခန်း ကဏ္ဍသည် များစွာအရေးပါသည့်နည်းတူ သတင်းမီဒီယာတို့၏ အပြုသဘောဆောင်သော ဝေဖန်ထောက်ပြအကြံပြုချက်များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ဒီမိုကရေစီလျှောက်လှမ်းပုံဖော်ရာတွင် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် သမိုင်းအစဉ်အလာကြီးမားခဲ့သော တပ်မတော်သည် အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ထမ်းရွက်လျက်ရှိပါသည်။ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် အတူ သန္ဓေတည်ပေါက်ဖွားလာသောတပ်မတော်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် သမိုင်းကြောင်းတစ်လျှောက် ဒွန်တွဲပါဝင်

လျက်ရှိပါသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရန် အပြည့်အဝတာဝန်ရှိသည့်တပ်မတော်သည် ပြည်ထောင်စုကြီးပြိုကွဲတော့မည့်အန္တရာယ်နှင့်တွေ့ကြုံရသည့်အခါတိုင်း နိုင်ငံတော်နှင့်ပြည်သူရှေ့မှ မားမားမတ်မတ်ရပ်တည်ကာကွယ်ခဲ့သည်များကို သမိုင်းကြောင်းတွင် အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ ပြည်သူကြားမှပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ပီပီ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ ရင်းနှီးပေးဆပ်၍ မားမားမတ်မတ်ရပ်တည်ကာကွယ်ခဲ့ပေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင်လည်း တပ်မတော်သည် ပြည်သူတို့နှင့်အတူ လက်တွဲ၍ လျှောက်လှမ်းလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သတင်းမီဒီယာတို့၏အခန်းကဏ္ဍကို အလေးထားဆောင်ရွက်နေသည့်နည်းတူ တပ်မတော်အနေဖြင့်လည်း သတင်းမီဒီယာတို့နှင့်တွေ့ဆုံ၍ သတင်းစီးဆင်းမှုမှန်ကန်မြန်ဆန်ချောမွေ့စေရေးဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်အကြီးအကဲအနေဖြင့်လည်း သတင်းဌာနများနှင့် လက်ခံတွေ့ဆုံ၍ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်အရေးနှင့်ပတ်သက်၍ သိလိုသမျှမေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် CNA သတင်းဌာန (Channel News Asia) မှ Ms. May Wong (Myanmar Correspondent)ကို လက်ခံတွေ့ဆုံ၍ တပ်မတော်နှင့်အမျိုးသား

နိုင်ငံရေးတာဝန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့်တပ်မတော်၏လုပ်ငန်းတာဝန်ဆိုင်ရာများ နှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ဖြေကြား ခဲ့ပါသည်။

တပ်မတော်၏အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေက တပ်မတော်အပေါ်ပေးအပ်ထားသောတာဝန်များ၊ အရေးပေါ် အခြေအနေတွင် တပ်မတော်၏လုပ်ငန်းတာဝန်၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုများ စသည်တို့နှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် CNA သတင်းဌာနတို့၏တွေ့ဆုံမေးမြန်းဖြေကြားမှုများကို ပြည်သူအများလေ့လာနိုင်ရန်၊ တပ်မတော်သားများ လေ့လာသိရှိနိုင် စေရန်အတွက် မြန်မာ - အင်္ဂလိပ်နှစ်ဘာသာဖြင့် မြဝတီစာပေတိုက်မှ ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

**မြဝတီစာပေတိုက်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်

# CNA သတင်းဌာန တွေ့ဆုံခြင်း

## The Interview with
## Commander in Chief of Defence Services
## Senior General Min Aung Hlaing
## and
## CNA news agency

**CNA** - Myanmar's set to hold its supposedly free and fair elections by the end of this year. Your name has been thrown up very often speculating that you will participate in the upcoming elections. Do you have plans to enter politics?

**Senior General** - This is what people say - what they think. Actually carrying out my duty as commander-in-chief is a very important role for the country. In order to protect the country we have to make our best efforts to build the capacity to be an army that acts to realize the interests of the people. That is why we have to try very hard to be in touch with the public. We have many kinds of activities in Myanmar.



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်
## CNA သတင်းဌာန တွေ့ဆုံခြင်း

**CNA -** ၂၀၁၅မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလုပ်မယ်လို့ သတင်းကြားရပါတယ်။ အဲဒီရွေးကောက်ပွဲမှာလည်း ဗိုလ်ချုပ်မှူးကြီး အနေနဲ့ပါမယ်လို့ သူတို့ထင်နေကြပါတယ်။ အဲဒီအတွက် အစီအစဉ်လေးများ ရှိပါသလား။

**ဗိုလ်ချုပ်မှူးကြီး-** ဒါကတော့ သူတို့ထင်မြင်ယူဆချက်ကို ပြောတာပါပဲ။ တကယ်တော့ ကျွန်တော့်ရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်မှုက နိုင်ငံတော်အတွက် အင်မတန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိပါတယ်။ နောက်တစ်ခါ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်မှုအတွက် တပ်တွေကိုလည်း တကယ်စွမ်းရည်ရှိတဲ့ တပ်တွေ ကျွန်တော်တို့ ဖြစ်အောင်လုပ်ပါ့မယ်။ နောက်တစ်ခါ ကျွန်တော်တို့တပ်မတော်က ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ဖို့ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်တဲ့အတွက်ကြောင့် ပြည်သူရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မယ့် တပ်မတော်ဖြစ်ဖို့လိုပါတယ်။ နောက်တစ်ခါ ပြည်သူရဲ့အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်တဲ့ တပ်မတော်လည်း ဖြစ်ဖို့လိုပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ပြည်သူနဲ့ထိတွေ့မှုရအောင် အများကြီးကြိုးစားနေရတယ်။ ဒီကဏ္ဍတွေက ကျွန်တော့်ဆီမှာ အများကြီးရှိပါတယ်။

Especially in remote areas there is a lot of work that needs to be done. So first of all, we have to make the army a good army. Secondly, we have to make it capable. Thirdly we have to reach the people and be in touch. As my responsibility is very big, I try to concentrate on my duties. Regarding what you mentioned just now, about entering politics - to be President, it will depend on the situation of the times. If trun my attention to politics now, it is likely to affect or weaken weaken my present job. Right now it is too early to make a decision or talk about it.

(2)

**CNA** - You said that your duty is to protect the people to help the people improve their lives. Do you not feel that you can do that as a political leader? Do you not feel that you can do that as the President of Myanmar?

**Senior General** - At present there are many areas in which I am doing whatever I can. Actually, as a citizen, I carry out my duty whatever role I am entrusted with.

အထူးသဖြင့် မြန်မာနိုင်ငံရဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသတွေဆိုလို့ရှိရင် အများကြီး ဆောင်ရွက်ပေးစရာလုပ်ငန်းတွေရှိတယ်။ အဲဒီတော့ ဒါတွေကို ကျွန်တော်က နံပါတ်တစ်အချက်က တပ်ကို ကောင်းအောင် လုပ်ပေးတယ်။ နံပါတ်နှစ်အချက်က စွမ်းရည်ရှိအောင်လုပ်ပါတယ်။ နံပါတ်သုံးအချက်ကတော့ ပြည်သူနဲ့တစ်ဆက်တည်းဖြစ်အောင် ကျွန်တော်တို့လုပ်နေတယ်။ ဒီတာဝန်တွေဟာ အင်မတန်ကြီးမားတဲ့အတွက်ကြောင့် ဒီအပေါ်မှာပဲ ကျွန်တော်အာရုံစိုက်ပြီးလုပ်နေပါတယ်။ နောက်တစ်ခါ နိုင်ငံရေး အဲ ခုနကပြောတဲ့ ခင်ဗျား ကျွန်တော့်ကိုမေးတဲ့ သမ္မတအခန်းကဏ္ဍနဲ့ ပတ်သက်ရင်တော့ အခြေအနေအချိန်အခါပေါ် မူတည်ပြီးတော့ ကျွန်တော်လုပ်ရလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ တကယ်လို့သာ ဒီဘက်ကို သွားအာရုံစိုက်လိုက်မယ်ဆိုရင် ကျွန်တော်လုပ်နေတဲ့ကိစ္စရပ်တွေအတွက် ကျွန်တော် အများကြီး အားလျော့သွားစရာအကြောင်းတွေရှိပါတယ်။ ဒါကြောင့် အခု အခြေအနေမှာတော့ ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ချက်ချဖို့ကိုရော ပြောဖို့ကိုရော စောသေးတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**CNA -** စောနကပြောခဲ့ပါတယ်။ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ဖို့တာဝန်ရှိပါတယ်။ အဲဒီအတွက် ခေါင်းဆောင်တစ်ယောက်အနေနဲ့ အခုကော လုပ်နိုင်ပြီလား။ သမ္မတဖြစ်ရင်ကော ပိုပြီးတော့လုပ်နိုင်မယ်လို့ထင်ပါသလား။

**ဗိုလ်ချုပ်မှူးကြီး-** အခုလည်း ကျွန်တော်လုပ်နိုင်တဲ့အခန်းကဏ္ဍမှာ ကျွန်တော်လုပ်နေတာတွေရှိပါတယ်။ တကယ်တမ်းဆိုလို့ရှိရင်တော့ နိုင်ငံသားတစ်ယောက်အနေနဲ့ပြောရင်တော့ ဘယ်အခန်းကဏ္ဍကနေပဲဖြစ်ဖြစ် ပါလို့ရပါတယ်။

As a matter of fact I can say what I am doing is national politics. In our country, the most essential thing is - firstly we need peace. The second thing is unity. After we have these things, we need to make our country developed. Every citizen has this responsibility. As I am a citizen, I feel that whatever role I have to play, I shall do my best to carry out my duties.

(3)

**CNA** - To bring about unity and peace, do you feel you can do a better job at that by becoming the President?

**Senior General** - Each person can do his part according to his role. The President will do whatever he can in his capacity. In some matters, he needs assistance. I have to provide assistance. That is why each citizen has the opportunity to carry out his duty depending on his role.

(4)

**CNA** - Let me ask you then, do you have ambitions to become the President?

အခုကျွန်တော်လုပ်နေတာကလည်းပြောလို့ရှိရင်တော့ အမျိုးသားနိုင်ငံရေးကဏ္ဍပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကလိုအပ်ချက်က နံပါတ်တစ်အချက် တည်ငြိမ်အေးချမ်းရေးပေါ့။ နံပါတ်နှစ်အချက် စည်းလုံးညီညွတ်ရေးပေါ့။ ဒါတွေရသွားပြီးလို့ရှိရင်တော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမှာပဲ။ ဒါတွေက နိုင်ငံသားတိုင်းမှာတာဝန်ရှိတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းတွေကို ဘယ်နေရာမှာပဲ လုပ်ရလုပ်ရ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမယ်လို့ ကျွန်တော်ကတော့ခံယူထားတယ်။

**CNA -** တည်ငြိမ်ရေးနဲ့အေးချမ်းရေးနဲ့ ဆက်စပ်လို့ပြောရမယ်လို့ဆိုရင် သမ္မတဖြစ်တဲ့အခါ ပိုပြီးတော့များလုပ်ဆောင်နိုင်မယ်လို့ ထင်ပါသလား။

**ဗိုလ်ချုပ်မှူးကြီး-** ဒါကတော့ သူ့နေရာနဲ့သူပါပဲ။ သမ္မတလည်း သူလုပ်နိုင်တဲ့အပိုင်းတွေ သူလုပ်မှာပဲ။ တချို့ကတော့လည်း ကူညီပေးရတာတွေရှိတယ်။ သူတိုက်ရိုက်လုပ်လို့မရတဲ့ဟာတော့လည်း ကူညီပေးရတာတွေရှိတယ်။ ဒါကြောင့် ကိုယ်ယူရတဲ့တာဝန်အပေါ်မူတည်ပြီးတော့ပဲ လုပ်နိုင်ခွင့်ရလိမ့်မယ်လို့ပဲကျွန်တော်ကတော့ ထင်တယ်။

**CNA -** သမ္မတတစ်ယောက်ဖြစ်ဖို့အတွက် ရည်မှန်းချက်ပေးနိုင်ပါသလား။

**Senior - General** As I said to you earlier. Because I am citizen.. and I have a lot of experience.. as a citizen, there are three things we need to do. Peace, unity, and development. These are the three things. Whatever role we are given, each citizen has to carry out his duties. On my part I will carry out whatever duty is required of me.

(5)

**CNA -** To achieve peace, unity and development, as you said, where do you see the military's role post-2015 elections?

**Senior - General** The military's duty is to defend the country.

